# မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက် သတင်းထုတ်ပြန်ချက်အမှတ် (၄/၂၀၁၈)

၁။ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ၂၀၁၈ ခုနှစ်၊ မတ်လ ၇ ရက်နေ့က အမျိုးသား လွှတ်တော်တွင် မဲခွဲဆုံးဖြတ် အတည်ပြုခဲ့ပြီး ပြည်သူ့လွှတ်တော်တွင်လည်း မကြာမီ ဆွေးနွေးမည်ဟု သိရှိရပါသည်။ အဆိုပါ ဥပဒေကြမ်းသည် ဒီမိုကရေစီစံနှုန်းနှင့် မကိုက်ညီဘဲ နိုင်ငံသားများ၏ လွတ်လပ်စွာ ဆန္ဒထုတ်ဖော်ခွင့်ကို ထိပါးစေသည်ဟုဆိုကာ ပြည်သူများအကြား ကန့်ကွက် လှုပ်ရှားမှုများ ဖြစ်ပွားနေကြောင်းကိုလည်း သိရှိရပါသည်။

၂။ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း (UDHR) အပိုဒ် ၁၉ ၌ လူတိုင်းတွင် လွတ်လပ်စွာ ထင်မြင်ယူဆခွင့်နှင့် လွတ်လပ်စွာ ထုတ်ဖော်ခွင့်ရှိသည်ဟုလည်းကောင်း၊ အပိုဒ် ၂၀ ၌ လူတိုင်းတွင် ငြိမ်းချမ်းစွာ စုဝေးခွင့်ရှိသည်ဟုလည်းကောင်း ဖော်ပြထားပါသည်။ အပိုဒ် ၂၉၊ အပိုဒ်ခွဲ ၂ တွင်မူ မိမိ၏ အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို ကျင့်သုံးရာတွင် လူတိုင်းသည် အခြားသူများ၏ အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို အသိအမှတ်ပြု၍ လေးစားရန်အလို့ငှာ လည်းကောင်း၊ ဒီမိုကရေစီ လူ့အဖွဲ့အစည်းတွင် တရားမျှတသော လိုအပ်ချက်များ ဖြစ်သည့် ကိုယ်ကျင့်တရား၊ အများပြည်သူ အေးချမ်းသာယာရေးနှင့် အကျိုးစီးပွား ဖြစ်ထွန်းရေးတို့ကို ဖြည့်ဆည်းရန် အလို့ငှာ လည်းကောင်း၊ ဥပဒေအရ သတ်မှတ်ထားသည့် ကန့်သတ်ချက်များ အတိုင်းသာ ကျင့်သုံးပိုင်ခွင့်ရှိသည်ဟု ဖော်ပြထားပါသည်။

၃။ ထို့အတူ ပြည်သူ့ရေးရာနှင့် နိုင်ငံရေး အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် (ICCPR) အပိုဒ် ၁၉၊ အပိုဒ်ခွဲ ၁ ၌ လူတိုင်းတွင် မိမိ၏ ထင်မြင်ယူဆချက်များကို အနှောင့်အယှက်ကင်းစွာဖြင့် စွဲကိုင်ခွင့်ရှိသည်ဟု လည်းကောင်း၊ အပိုဒ် ၁၉၊ အပိုဒ်ခွဲ ၂ ၌ လူတိုင်းတွင် လွတ်လပ်စွာ ထုတ်ဖော်ခွင့်ရှိသည်ဟုလည်းကောင်း ဖော်ပြထားပါသည်။ အပိုဒ် ၁၉၊ အပိုဒ်ခွဲ ၃ တွင် အဆိုပါ အခွင့်အရေးများကို ကျင့်သုံးရာ၌ ကန့်သတ်ချက် တစ်စုံတစ်ရာ ပြုလုပ်နိုင်ကြောင်း၊ သို့ရာတွင် ယင်းတို့သည် အခြားသူများ၏ အခွင့်အရေးများ သို့မဟုတ် ထင်ပေါ်ကျော်ကြားမှုများကို လေးစားရန်အတွက် လည်းကောင်း၊ နိုင်ငံတော်လုံခြုံရေး၊ အများပြည်သူ အေးချမ်းသာယာရေး၊ ပြည်သူ့ကျန်းမာရေး သို့မဟုတ် ကိုယ်ကျင့်တရားအတွက် ကာကွယ်ပေးရန်အတွက် လည်းကောင်း၊

ဥပဒေပြဋ္ဌာန်းချက်အရနှင့် လိုအပ်ချက်အရ ပြုလုပ်သည့်ကန့်သတ်ချက်မျိုးသာ ဖြစ်ရမည်ဟု ဖော်ပြထားပါသည်။

၄။ ထို့ပြင် ပြည်သူ့ရေးရာနှင့် နိုင်ငံရေး အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် (ICCPR) အပိုဒ် ၂၀၊ အပိုဒ်ခွဲ ၂ တွင် ခွဲခြားဆက်ဆံမှု၊ ရန်လိုမှု သို့မဟုတ် အကြမ်းဖက်မှုဖြစ်စေမည့် အမျိုးသားရေး၊ လူမျိုးရေး သို့မဟုတ် ဘာသာရေး မုန်းတီးမှုဆိုင်ရာ မည်သည့်ဟောပြော လှုံ့ဆော်မှုမျိုးကိုမဆို ဥပဒေအရ တားမြစ်ရမည်ဟုလည်း ဖော်ပြထားပါသည်။

၅။ သို့ဖြစ်ပါ၍ ဒီမိုကရေစီ၏ အဓိက စံနှုန်းတစ်ရပ်ဖြစ်သော လွတ်လပ်စွာ စုဝေးထုတ်ဖော်ပြောကြားခွင့်ကို မထိပါးစေရေးအတွက် ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်း လှည့်လည်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ဆွေးနွေးရာတွင် အထက်ဖော်ပြပါ UDHR နှင့် ICCPR ပြဋ္ဌာန်းချက်များကို အလေးထားစဉ်းစား ဆောင်ရွက်သင့်ပါကြောင်း အကြံပြု တိုက်တွန်းအပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ မတ်လ ၂၀ ရက်